

# အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်

## “ပုဂ္ဂလိကကဏ္ဍသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်ထုံးလုပ်နည်းလက်စွဲ”

**“အာဆီယံ၏ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းလာစေရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်စေရန်ပို၍ချိတ်ဆက်မှု၊ ထိရောက်မှု၊ ပေါင်းစည်းမှု၊ လုံခြုံစိတ်ချရမှုနှင့် စဉ်ဆက်မပြတ်သော အာဆီယံ သယ်ယူပို့ဆောင်မှုဆီသို့”**

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

***ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အာဆီယံဌာနစိတ်) မှဘာသာပြန်ဆိုသည်။***

## မိတ်ဆက်

ဤလက်စွဲသည် "အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်နှင့် ၎င်း၏အခြေပြစာချုပ်ငယ်များ" အားအကောင်ထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်း လည်ပတ်နေမှုတို့ကို အထောက်အကူပြုစေရန် အာဆီယံဖွဲ့ဝင်နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေး အရာရှိများအတွက် လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများဖြစ်သည်။ ဤလမ်းညွှန်ချက်များ သည် AFAFIST တွင်ပါရှိသည့် အဓိကအားဖြင့် အခြေပြစာချုပ်ငယ် (၃) – (ယာဉ်အမျိုးအစားနှင့် အရေ အတွက်) နှင့် အခြေပြစာချုပ်ငယ် (၄) – (ယာဉ်များအတွက်စံချိန်စံညွှန်း လိုအပ်ချက်များ) အား အကောင် အထည်ဖော်ဆောင်ရွက်ရန် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။

ဤလက်စွဲသည် အာဆီယံပုဂ္ဂလိကကဏ္ဍသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် AFAFIST ၏ အခြေပြစာချုပ်ငယ် (၃) - ယာဉ်အမျိုးအစားနှင့်အရေအတွက်, အခြေပြစာချုပ်ငယ် (၄) - ယာဉ်များအတွက် စံချိန်စံညွှန်းသတ်မှတ်ချက်များ နှင့် အခြေပြစာချုပ်ငယ် (၅) - မော်တော်ယာဉ်များ အတွက် မထားမနေရအာမခံအစီအစဉ်တို့အား အသုံးချရာတွင် တသတ်မတ်တည်းဖြစ်စေရန်နှင့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာပြဋ္ဌာန်းချက်နှင့် လေ့ကျင့်ရေးကိရိယာတစ်ခုအဖြစ် ဆောင်ရွက်ပေးရန်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

**AFAFIST** - ASEAN Framework Agreement on the Facilitation of Inter-State Transport

- အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ်

**AEC** - ASEAN Economic Community

- အာဆီယံစီးပွားရေးအသိုက်အဝန်း

**AFAFGIT** - ASEAN Framework Agreement on the Facilitation of Goods in Transit

- အာဆီယံနိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ်

**AGVCBP** - ASEAN Goods Vehicle Cross Border Permit

- အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်

**AMS** - ASEAN Member State

- အာဆီယံအဖွဲ့ဝင်နိုင်ငံ

**APAD** - Land Public Transport Agency (Malaysia)

**FEU** - Forty-foot equivalent unit

**GPS** - Global Positioning System

**GVP** - Goods Vehicle Permit

- ကုန်စည်ပို့ဆောင်မှုမော်တော်ယာဉ်ပါမစ်

**LPTC** - Land Public Transport Commission

- ပြည်သူ့ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကော်မရှင်

**LTO** - Licensed Transport Operator

- လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူ

**NTTCC** - National Transit Transport Coordinating Committee

- နိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုညှိနှိုင်းပေါင်းစပ်ရေးကော်မတီ

**NTFC** - National Transport Facilitation Committee (Thailand)

- ကုန်းလမ်းပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (ထိုင်း)

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

**RFID** - Radio Frequency Identification

**SOP** - Standard Operating Procedure

- လုပ်ငန်းဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်း

**TEU** - Twenty-foot equivalent unit

**TFWG** - ASEAN Transport Facilitation Working Group

- အာဆီယံပို့ဆောင်မှုလွယ်ကူချောမွေ့ရေးလုပ်ငန်းအဖွဲ့

**It is only "Convenience Translation". The original English Text remains the formal and legal version.**

| မာတိကာ | | |
|---|---|---|
| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်းဆိုင်ရာ “စံ” သတ်မှတ်ချက် | ၅ |
| ၃။ | သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ | ၇ |
| ၄။ | လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူ | ၈ |
| ၅။ | အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် | ၁၁ |
| ၆။ | အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်လျှောက်ထားခြင်း | ၁၂ |
| ၇။ | အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများထုတ်ပြန်ခြင်း | ၁၃ |
| ၈။ | အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်စတစ်ကာ | ၁၄ |
| ၉။ | မိခင်နိုင်ငံ၏နိုင်ငံခွဲခြားအမှတ်အသားစတစ်ကာနှင့်မှတ်ပုံတင်နံပါတ်ပြား | ၁၅ |
| ၁၀။ | ယာဉ်ပေါ်တွင်ပါရှိရမည့် စာရွက်စာတမ်းများ | ၁၇ |
| ၁၁။ | နယ်စပ်ဂိတ်များ၌သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ | ၂၀ |
| ၁၂။ | မော်တော်ယာဉ်ဆိုင်ရာသတ်မှတ်ချက်များ | ၂၁ |
| ၁၃။ | အလုံပိတ်ယာဉ် (သို့မဟုတ်) ကွန်တိန်နာများ | ၂၃ |
| ၁၄။ | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ | ၂၄ |
| ၁၅။ | နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ | ၂၅ |
| ၁၆။ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၂၆ |
| ၁၇။ | နောက်ဆက်တွဲ (က) | ၂၇ |
| ၁၈။ | နောက်ဆက်တွဲ (ခ) | ၃၁ |

It is only “Convenience Translation”. The original English Text remains the formal and legal version.

## အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ် ပုဂ္ဂလိကကဏ္ဍသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်ထုံးလုပ်နည်းလက်စွဲ

**နိဒါန်း**

၁.၁ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကိုထူထောင်ရန် အာဆီယံခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်သည် အာဆီယံဒေသတွင်းကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားများလွတ်လပ်စွာစီးဆင်းစေရန်ဖြစ်ပါသည်။ AEC ကို အမြစ်တွယ်စေရန် နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် သဟဇာတဖြစ်သောအကောက်ခွန်နှင့် သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းတစ်ရပ်ထူထောင်ခြင်းသည် အဓိကဦးစားပေးဖြစ်ပါသည်။

၁.၂ အဆိုပါရည်ရွယ်ချက်များကိုလက်တွေ့ဖြစ်ပေါ်လာစေရန်အတွက် အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (AFAFIST - Manila 2009) သည် အဓိကစာချုပ်စာတမ်းများထဲမှ တစ်ခုဖြစ်ပါသည်။ AFAFIST တွင် ASEAN Framework Agreement on the Facilitation of Goods in Transit (AFAFGIT – Hanio 1998) တွင်ပါဝင်သည့် အခြေပြစာချုပ်ငယ် (၇) ခုကို အောက်ပါအတိုင်း ဆွဲယူအသုံးပြုထားပါသည် -

AFAFGIT အခြေပြစာချုပ်ငယ် (၁) - နိုင်ငံဖြတ်သန်းပို့ဆောင်ရေးလမ်းကြောင်းများသတ်မှတ်ခြင်း၊

AFAFGIT အခြေပြစာချုပ်ငယ် (၂) - နယ်စပ်ဝင်ထွက်ပေါက်များသတ်မှတ်ခြင်း၊

AFAFGIT အခြေပြစာချုပ်ငယ် (၃) - ယာဉ်အမျိုးအစားနှင့်အရေအတွက်၊

AFAFGIT အခြေပြစာချုပ်ငယ် (၄) - ယာဉ်များအတွက်စံချိန်စံညွှန်းသတ်မှတ်ချက်များ၊

AFAFGIT အခြေပြစာချုပ်ငယ် (၅) - မော်တော်ယာဉ်များအတွက် မထားမနေရအာမခံအစီအစဉ်၊

AFAFGIT အခြေပြစာချုပ်ငယ် (၈) - အပင်နှင့်အပင်ထွက်ပစ္စည်းများ ပိုးမွှားရောဂါသန့်စင်ရေးဆိုင်ရာကိစ္စရပ်များ၊

AFAFGIT အခြေပြစာချုပ်ငယ် (၉) - အန္တရာယ်ရှိသောကုန်စည်များသယ်ဆောင်ခြင်း။

၁.၃ AFAFGIT ၏ အခြေပြစာချုပ်ငယ် (၂) ခုဖြစ်သည့် (အခြေပြစာချုပ်ငယ် (၆) နှင့် အခြေပြစာချုပ်ငယ် (၇) တို့သည် AFAFIST ၏ အခြေပြစာချုပ်ငယ်များတွင်မပါဝင်ပါ။ AFAFIST ၏ အခြေပြစာချုပ်ငယ် (၇) သည် အာဆီယံနိုင်ငံဖြတ်သန်းအကောက်ခွန်စနစ် (the ASEAN Customs Transit System) ကိုအခြေခံ၍ဖွဲ့စည်းထားပါသည် (http://acts/asean.org တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်)။ ၎င်း၌အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ထွက်ခွာရာမှရောက်ရှိရာသို့ ကုန်စည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် အကောက်ခွန်ခများနှင့် အခွန်များရပ်ဆိုင်းရန်၊ အခွန်လွတ်သယ်ယူပို့ဆောင်ရန်ဖြစ်ပါသည်။

၁.၄ AFAFGIT မတူဘဲ AFAFIST သည်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်များကို အခွန်လွတ်ဖြင့် သယ်ယူပို့ဆောင်ရန်ခွင့်ပြုထားခြင်းမရှိပါ။ AFAFIST ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးစနစ်အောက်တွင် ပြေးဆွဲနေသောမော်တော်ယာဉ်တစ်စီးသည် မည်သည့် ASEAN အဖွဲ့ဝင်နိုင်ငံ (AMS) ရှိထွက်ခွာရာနေရာ (Point of Departure) မှ အခြားအိမ်နီးချင်းနိုင်ငံရှိရောက်ရှိနေရာ (Point of Destination) သို့ ကုန်စည်များကိုလွှဲပြောင်းသယ်ယူရန် မလိုအပ်ဘဲပို့ဆောင်နိုင်ခြင်းဖြစ်ပါသည်။ AFAFIST ၏အခြေပြစာချုပ်ငယ်များအနက် သယ်ယူပို့ဆောင်ရေးအတွက်အဓိကကျသည်မှာ အခြေပြစာချုပ်ငယ် (၁)၊ (၃) နှင့် (၄) တို့ ဖြစ်ပြီး အကောက်ခွန်ကဏ္ဍအောက်တွင် အခြေပြစာချုပ်ငယ် (၂) ဖြစ်ပါသည်။

၁.၅ ဤလမ်းညွှန်ချက်သည် အာဆီယံနိုင်ငံအချင်းချင်းကုန်စည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (AFAFIST) နှင့် ၎င်း၏အခြေပြစာချုပ်ငယ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက လက်တွေ့အကောင်ထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ သယ်ယူပို့ဆောင်ရေးဆောင်ရွက်သူများနှင့် နိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုညှိနှိုင်းပေါင်းစပ်ရေးကော်မတီ (NTTCC) တို့အား အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်ပါသည်။

***အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် AFAFIST နှင့် ၎င်း၏အခြေပြစာချုပ်ငယ်များကို လက်တွေ့အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အခြားသောစက်မှုကဏ္ဍမှလုပ်ငန်းနှင့် အတူပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။***

၁.၆ AFAFIST အရ နိုင်ငံ၏ပို့ဆောင်ရေးအာဏာပိုင်များဆောင်ရွက်ရန် အောက်ပါအခြေခံလုပ်ငန်းနှစ်ရပ်ရှိသည် -

It is only “Convenience Translation”. The original English Text remains the formal and legal version.

(က) အာဆီယံကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်ကို နယ်စပ်ဖြတ်ကျော်ပါမစ် ထုတ်ပေးခြင်း၊

(ခ) AFAFIST အခြေပြုစာချုပ်ငယ် (၄) အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS) မှ သဘောတူထားသည့်အတိုင်း AFAFIST အရဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော် ကုန်တင်ကားများသည် လိုအပ်သောစာရွက်စာတမ်းအစုံကို သယ်ဆောင်လာကြောင်းစစ်ဆေးခြင်းတို့ပါဝင်သည့် နယ်စပ်ဒေသသယ်ယူပို့ဆောင်ရေးထိန်းချုပ်မှုများကို လုပ်ဆောင်ခြင်း။

၁.၇ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်များ (လက်ရှိ AMS တစ်ခုလျှင် အများဆုံး ၅၀၀) ရရှိထားသော လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများသည် AFAFIST နှင့် ၎င်း၏လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရန်လိုအပ်ပါသည်။ AFAFIST သည် သတ်မှတ်ထားသော လမ်းကြောင်းများပါရှိသည့် ကုန်းလမ်းပို့ဆောင်ရေး၊ နယ်စပ်ဖြတ်ကျော်နေရာများနှင့် နယ်စပ်အကောက်ခွန်နယ်ရုံးများအတွက်သာ အကျုံးဝင်ပါသည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

**AFAFIST အရသယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

ကုန်သည်များသည်သယ်ယူပို့ဆောင်ရေး၌ အသုံးပြုမည့်ယာဉ်အတွက်တရားဝင် အာဆီယံနယ်စပ်ဖြတ်ကျော်ခွင့် ပါမစ် (AGVCBP) ပါရှိရမည်။

↓

ကုန်ပစ္စည်းများကိုစတင်ထွက်ခွာရာနေရာ၌ကုန်တင်ယာဉ်ဖြင့်တင်ဆောင်သည်။

↓

ကုန်ပစ္စည်းများကို အကောက်ခွန်သို့ ကြေညာတင်ပြသည်။
(တင်ပို့ခြင်း (သို့မဟုတ်) နိုင်ငံအပြင်ဘက်သို့ဖြတ်သန်းပို့ဆောင်ခြင်း)

↓

AFAFIST အရသယ်ယူပို့ဆောင်မှုစတင်ဆောင်ရွက်ခြင်း

↓

နယ်စပ်ထွက်ပေါက်သို့ကုန်ပစ္စည်းများပို့ဆောင်ခြင်း

↓

ကုန်စည်များတင်ပို့ရန်အတွက် ထွက်ခွာမည့်နိုင်ငံ၏ နယ်စပ်ထွက်ပေါက်၌ အကောက်ခွန်ကြေညာလွှာ ရယူခြင်း (ကုန်စည်ကြေညာလွှာကိုထွက်ခွာစဉ်ကမရယူခဲ့ပါက)

↓

AGVCBPနှင့်နယ်စပ်ဖြတ်ကျော်ခွင့်ပေးခြင်းတို့အပါအဝင်ထရပ်ကားပေါ်တွင်ပါရှိရမည့် နယ်စပ်ဖြတ်ကျော်ခွင့် စာရွက်စာတမ်းများကို နယ်စပ်ရှိသယ်ယူပို့ဆောင်ရေးအရာရှိများကစစ်ဆေးခြင်း

↓

နိုင်ငံဖြတ်သန်းခြင်းသို့မဟုတ်ကုန်စည်ပို့ဆောင်ရမည့်နိုင်ငံဝင်ပေါက်၌ကုန်ပစ္စည်းများတင်ပို့ရန် အကောက်ခွန်ဦးစီးဌာနသို့ကြေညာတင်ပြခြင်း

↓

AGVCBPအပါအဝင်ထရပ်ကားပေါ်တွင်ပါရှိရမည့် စာရွက်စာတမ်းများကို နယ်စပ်ဝင်ပေါက်၌ လက်ခံရမည့်နိုင်ငံ၏သယ်ယူပို့ဆောင်ရေးအရာရှိများကစစ်ဆေးခြင်း

↓

ပို့ဆောင်ရမည့်နေရာသို့ကုန်စည်များကိုပို့ဆောင်ခြင်း

↓

ကုန်ပစ္စည်းများကို နယ်စပ်ဝင်ပေါက်၌ကြေညာမတင်ပြခဲ့ပါ သို့မဟုတ် အခြားအကောက်ခွန်စနစ်များရှိပါက တင်သွင်းရန်အတွက် ရောက်ရှိနေရာတွင် ကြေညာတင်ပြရမည် (ဥပမာအားဖြင့် စာချုပ်ချုပ်ဆို၍ကုန်သိုလှောင်ခြင်း၊ ပြန်လည်တင်ပို့ခြင်း)

↓

AFAFIST အရ ပို့ဆောင်မှုပြီးဆုံးပြီး
ကုန်တင်ယာဉ်ပေါ်မှပစ္စည်းများချခြင်း

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၂။ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်းဆိုင်ရာ "စံ" သတ်မှတ်ချက်

၂.၁ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် (AGVCBP) ၏ ရည်ရွယ်ချက်မှာ ကုန်တင်ကားများသည် AFAFIST နှင့် ၎င်း၏အခြေပြစာချုပ်ငယ်များ အထူးသဖြင့် အခြေပြစာချုပ်ငယ် (၃) - ယာဉ်အမျိုးအစားနှင့်အရေအတွက်နှင့် အခြေပြစာချုပ်ငယ် (၄) - ယာဉ်များအတွက်စံချိန်စံညွှန်းလိုအပ်ချက်များတို့နှင့် ကိုက်ညီစေရန်ဖြစ်ပါသည်။ ထို့အတူအိမ်နီးချင်းနိုင်ငံများအကြား နိုင်ငံဖြတ်ကျော်ကုန်စည်ပို့ဆောင်မှု အဆင်ပြေလွယ်ကူစေရန်လည်းဖြစ်ပါသည်။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း (CA) သည် နိုင်ငံဖြတ်သန်းကုန်စည်ပို့ဆောင်မှုညှိနှိုင်းပေါင်းစပ်ရေးကော်မတီ (NTTCC) နှင့် ညှိနှိုင်း၍ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် ရယူရန် အရည်အချင်းပြည့်မီသည့် လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများကို ရွေးချယ်ပေးရပါမည်။

၂.၂ CA/ NTTCC အနေဖြင့် မိမိနိုင်ငံ၏လိုအပ်ချက်အပေါ်မူတည်၍ နိုင်ငံအဆင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အတွက် လိုအပ်သောအချက်များအပြင် နယ်စပ်လုပ်ငန်းအတွက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည် -

**ထိရောက်မှု**

(က) ကုန်ပစ္စည်းပို့ဆောင်မှုကို ထိရောက်စွာဆောင်ရွက်နိုင်သော လုပ်ငန်းရှင်များ၊

(ခ) လုပ်ငန်းရှင်မှ နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးပါမစ်ရယူရန် တောင်းခံထားသည့်မော်တော်ယာဉ်အရေအတွက်၊

**လုံခြုံမှုနှင့်ဘေးကင်းမှု**

(က) လုံခြုံမှုနှင့် ဘေးကင်းမှုအတွက် လိုအပ်သောအထောက်အထားများ၊ ဥပမာ -

(၁) မိခင်နိုင်ငံမှ ယာဉ်အတွက် လုံခြုံစိတ်ချရမှုဆိုင်ရာ စစ်ဆေးချက်မှတ်တမ်း၊

(၂) အတည်ပြု လုံခြုံရေးအစီအစဉ် (ရှိလျှင်)၊

(၃) လုံခြုံစိတ်ချရမှုဆိုင်ရာ အတည်ပြုစစ်ဆေးချက် (ရှိလျှင်)၊

It is only "Convenience Translation". The original English Text remains the formal and legal version.

(၄) ရရှိနိုင်ပါက ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးလိုက်နာမှုလက်မှတ် (Hazmat Compliance Certificate)။

**သာတူညီမျှမှု**

(က) လုပ်ငန်းအရွယ်အစား (SME လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်ရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များ/ ပိုင်ရှင်များအတွက် သာတူညီမျှမှုရှိစေရန်)၊

(ခ) လုပ်ငန်းတည်ရှိရာနေရာ (နယ်မြေဒေသဆိုင်ရာသာတူညီမျှမှုကို ထည့်သွင်းစဉ်းစားခြင်း)။

**ရေရှည်ခိုင်မာမှု**

(က) ယာဉ်များ၏ အရည်အသွေး၊

(ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စီမံခန့်ခွဲရာတွင်ကောင်းမွန်သော စွမ်းဆောင်ရည်။

**ကျွမ်းကျင်ပိုင်နိုင်မှု**

(က) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မှု။

၂.၃ သက်ဆိုင်ရာ NTTCC/ CA အသီးသီးသည် ခွဲဝေသတ်မှတ်ရန်အတွက် စံနှုန်းနှင့် မော်တော်ယာဉ်ပါမစ်ခွဲဝေမှုအတွက်တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများကို ဆုံးဖြတ်ရပါမည်။

It is only “Convenience Translation”. The original English Text remains the formal and legal version.

## ၃။ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (CA)

၃.၁ CA/ NTTCC သည် အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်များထုတ်ပေးဆောင်ရွက်ပြီး သက်တမ်းကိုစောင့်ကြည့်ထိန်းချုပ်ကာ အခြား AMS တို့၏ CA/ NTTCC အသီးသီးတို့ကိုလည်း အခါအားလျော်စွာအသိပေးကြောင်းကြားရပါမည်။ ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူတစ်ဦးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူလိုင်စင် (သို့မဟုတ်) အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ကိုလျှောက်ထားရာတွင် ၎င်းတို့သက်ဆိုင်ရာမိခင်နိုင်ငံ၏ CA နှင့် ဆက်သွယ်ဆောင်ရွက်ရပါမည်။ အဆိုပါ CA သည် NTTCC နှင့်ဆွေးနွေးညှိနှိုင်း၍ လိုင်စင် (သို့မဟုတ်) AGVCBP ကိုထုတ်ပေးရန် မိခင်နိုင်ငံမှ အာဏာအပ်နှင်းထားသည့်အဖွဲ့ဖြစ်ရပါမည်။

၃.၂ CA သည် NTTCC နှင့် ဆွေးနွေးတိုင်ပင်ပြီး အောက်ပါတို့ကိုဆောင်ရွက်ရပါမည် -

(က) အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် လျှောက်ထားလိုသောလိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများကို မှတ်ပုံတင်ရန်ဖိတ်ခေါ်ခြင်း၊

(ခ) လိုအပ်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် လျှောက်ထားခြင်းနှင့်ဆက်စပ်သောစာရွက်စာတမ်းများကို အတည်ပြုခြင်း၊

(ဂ) အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းတို့နှင့် စပ်လျဉ်း၍ အခြားသော AMS ၏ CA/ NTTCC သို့အကြောင်းကြားခြင်း၊

(ဃ) အခွင့်ရအာဏာပိုင်အဖွဲ့၏တာဝန်များနှင့်သက်ဆိုင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများ၏ စည်းကမ်းလိုက်နာမှုအပေါ် NTTCC ကို အခါအားလျော်စွာအကြံပေးခြင်းအစီရင်ခံတင်ပြရာတွင် အခြားအာဏာပိုင် အဖွဲ့အစည်းများပါ ပါဝင်စေရန်သတိပြုပါ)။

Website: www.drvn.gov.vn

## ၄။ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူ

၄.၁ AFAFIST တွင်ပါဝင်လိုသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့နိုင်ငံ၏ လိုအပ်ချက်များပြည့်မီရမည်။ စက်ဘူနိုင်ငံဆိုပါက သယ်ယူပို့ဆောင်ရေး ကိုစီးပွားရေးလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားသူဖြစ်ရမည်။

၄.၂ AFAFIST ၏အခြေပြစာချုပ်ငယ် (၃)၊ အပိုဒ် (၁) အရ လိုင်စင်ရသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူများတွင် ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့်/ (သို့မဟုတ်) ကုန်းလမ်း သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အေးဂျင့်ပါဝင်သည်ဟုသတ်မှတ်ပြီး ၎င်းတို့သည် -

(က) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် သင့်လျော်သောပါမစ် (သို့မဟုတ်) လိုင်စင်ရှိပြီး အဆိုပါလိုင်စင်၏ပါမစ်အရ စည်းမျဉ်းစည်းကမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာကြောင်းအထောက်အထား ခိုင်လုံသည့် မှတ်တမ်းရှိသူ၊

(ခ) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (သို့မဟုတ်) ၎င်းတို့၏ NTTCC မှ နိုင်ငံအချင်းချင်း နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများအဖြစ် တရား ဝင်သတ်မှတ်ခံရသူ။

၄.၃ နိုင်ငံအဆင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အတွက် လိုအပ်သောအချက်များအပြင် နယ်စပ်လုပ်ငန်းအတွက် အောက်ပါအချက်များကိုပါ ထည့်သွင်းစဉ်းစားရပါမည် -

( က ) နိုင်ငံသားတစ်ဦးအနေဖြင့် ခိုင်မာသည့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊

( ခ ) ယုံကြည်စိတ်ချနိုင်မှု၊

( ဂ ) ပညာရှင်ဆန်မှု၊

( ဃ ) ငွေကြေးဆိုင်ရာကြွေးမြီကင်းရှင်းမှု။

**နိုင်ငံသားတစ်ဦးအနေဖြင့် ခိုင်မာသည့်ပစ္စည်းဥစ္စာပိုင်ဆိုင်မှု** ဆိုသည်မှာ -

(၁) သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၏ အရင်းအနှီးပိုင်ဆိုင်မှု ၅၀ ရာခိုင်နှုန်း ကျော်ကို နိုင်ငံသားဖြစ်သူကပိုင်ဆိုင်ရမည်၊

(၂) စီးပွားရေးလုပ်ငန်းအား နိုင်ငံသားဖြစ်သူက ညွှန်ကြားပိုင်ခွင့်ရှိရမည်။

**ယုံကြည်စိတ်ချနိုင်မှု** ဆိုသည်မှာ -

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို ကြီးလေးသော ချိုးဖောက်ခြင်းမျိုးမရှိရပါ၊

(၂) သက်ဆိုင်ရာနိုင်ငံအတွင်း၌ လုပ်ငန်းလိုင်စင် ရုပ်သိမ်းခံထားရခြင်းမရှိစေရပါ၊

(၃) လက်ရှိအချိန်တွင်း ဒေဝါလီကြေညာခံထားရခြင်းမရှိရပါ။

**ပညာရှင်ဆန်မှု** ဆိုသည်မှာ -

(၁) သက်ဆိုင်ရာနိုင်ငံ၏ NTTCC သည် လိုင်စင်ထုတ်ပေးထားသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးချင်းစီအနေဖြင့် အောက်ပါအရည်အချင်းများပြည့်မီကြောင်း စစ်ဆေးရပါမည် -

(က) ဥပဒေရေးရာကိစ္စများ (စာချုပ်၊ သယ်ယူပို့ဆောင်သူ၏တာဝန်ယူမှု၊ ကုမ္ပဏီဥပဒေ၊ စာရင်းကိုင်ဥပဒေ၊ အလုပ်သမားဥပဒေ၊ အကောက်ခွန်ဥပဒေ)၊

(ခ) လုပ်ငန်းလုပ်ကိုင်သည့်စနစ်များ (ကုန်ကျစရိတ်နှင့်ဈေးနှုန်းသတ်မှတ်ခြင်း၊ စာရင်းအင်းများ၊ အာမခံ၊ စာချုပ်ငယ်များချုပ်ဆိုခြင်း၊ ရောင်းချခြင်းနှင့် အထွေထွေစီမံခန့်ခွဲမှု)၊

(ဂ) ကျွမ်းကျင်မှုအဆင့် (ပြိုင်ဆိုင်နိုင်မှု၊ စီးပွားရေးလုပ်ငန်းတစ်ရပ်၏ပြယုဂ်များနှင့်အညီ ဖွဲ့စည်းထားမှု၊ မှတ်တမ်းမှတ်ရာများထားရှိခြင်း)၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ (ယာဉ်အုပ်စုအပေါ် စီမံခန့်ခွဲနိုင်မှု၊ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများနှင့် အအေးခန်းဖြင့်ပို့ဆောင်ရမည့် ပစ္စည်းများအပေါ် စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ဆောင်မှု၊ မော်တော်ယာဉ်များအားစစ်ဆေးမှု)၊

(င) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်များ (လမ်းစည်းကမ်းများ၊ ယာဉ်အန္တရာယ်၊ အန္တရာယ်ကင်းရှင်းရေးစနစ်များ ဥပမာ - ကုန်တင်ခြင်း)။

**ငွေကြေးဆိုင်ရာကြွေးမြီကင်းရှင်းမှု** ဆိုသည်မှာ -

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ လုပ်ငန်းလည်ပတ်မှုကို အာမခံရန်လုံလောက်သောနည်းလမ်းများ/ ရန်ပုံငွေများရှိခြင်း၊

(၂) လက်ကျန်စာရင်း၊ ပုံသေပိုင်ပစ္စည်း - ဘဏ်ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေခွင့်ပြုချက်၊ ဘဏ်အာမခံ၊ တာဝန်ယူမှုအာမခံ ကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာအစီအရင်ခံ အထောက်အထားများ၊

(၃) ငွေကြေးလည်ပတ်မှုအတွက် ခိုင်မာသည့်အထောက်အထားများ၊

(၄) အာမခံထားရှိသည့်အထောက်အထားများ၊

(၅) သက်ဆိုင်ရာနိုင်ငံ၏အာဏာပိုင်သည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများ၏လိုင်စင်အတွက် ရှိသင့်ရှိထိုက်သည့်အထောက်အထားများနှင့် ဆက်စပ်စာရွက်စာတမ်းများ၏ ခိုင်မာမှုသတ်မှတ်ချက်ကို ဆုံးဖြတ်ရမည်။

It is only "Convenience Translation". The original English Text remains the formal and legal version.

## ၅။ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်

၅.၁ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်သည် လိုင်စင်ရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား မိမိနိုင်ငံမှကုန်ပစ္စည်းများကို အိမ်နီးချင်းနိုင်ငံဆီသို့ အဟန့်အတားအနည်းဆုံးဖြင့်သယ်ယူရန်နှင့် နယ်စပ်ဂိတ်များ၌ ကုန်တင်ယာဉ်တစ်စီးမှ နောက်တစ်စီးသို့ ကုန်ပစ္စည်းများပြန်လည်တင်ဆောင်ရန်မလိုအပ်ဘဲ ခွင့်ပြုပေးထားသည်။ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် (AGVCBP) ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာအခြားအိမ်ရှင်နိုင်ငံ၏အကောက်ခွန်အခြေအနေများကို လေးစားလိုက်နာပါက မည်သည့်အိမ်နီးချင်းအာဆီယံအဖွဲ့ဝင်နိုင်ငံတွင်မဆို AFAFIST အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရရှိပြီဖြစ်ပါသည်။ သို့ရာတွင်သယ်ယူပို့ဆောင်သူများသည် နိုင်ငံတစ်ခုထဲအတွင်း၌ကုန်ပစ္စည်းများတင်ခြင်းနှင့် ချခြင်းပြုလုပ်ခွင့်မရှိပါ (ဥပမာ - ပိုင်နက်နယ်မြေတစ်ခုတည်း အတွင်းရေကြောင်း၊ လေကြောင်း (သို့မဟုတ်) အခြားသောပို့ဆောင်ရေးဝန်ဆောင်မှုများ အသုံးပြု၍သယ်ယူပို့ဆောင်ရေးဆောင်ရွက်ခြင်း)။

၅.၂ AGVCBP သည် "**<u>ယာဉ်တစ်စီးတည်းအတွက်သာ</u>**" အကျုံးဝင်ပါသည်။ ၎င်းယာဉ်သည် ကုန်တင်ယာဉ် (သို့မဟုတ်) နောက်တွဲပါယာဉ်ဖြစ်ရပါမည်။ နောက်တွဲယာဉ်နှင့် ၎င်း၏စက်ပစ္စည်းများသည် Prime Movers (နောက်တွဲ၌ပါရှိသော မော်တော်ယာဉ်များ၏ အစိတ်အပိုင်း) များနှင့်တွဲထားသောကြောင့် AGVCBP မလိုအပ်ပါ။

၅.၃ သက်ဆိုင်ရာနိုင်ငံ၏အာဏာပိုင်အဖွဲ့ (CA) သည် အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်များ ပေးအပ်မည့်ကုန်တင်ယာဉ်များအား AFAFIST ၏ အခြေပြစာချုပ်ငယ် (၃) နှင့် (၄) တွင်ဖော်ပြထားသော ယာဉ်အလေးချိန်နှင့် အတိုင်းအတာ၊ ကုန်တင်နေရာ၏ အန္တရာယ်ကင်းစိတ်ချရမှုတို့ပါဝင်သည့် မော်တော်ယာဉ်သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းရှိမှုတို့ကို သေချာအောင်ဆောင်ရွက်ရမည်။ ထို့အပြင် ဝန်တင်ခန်းကို အကောက်ခွန် (သို့မဟုတ်) ကုန်သွယ်လုပ်ငန်းခွန် Seal တံဆိပ်ဖြင့်ပိတ်ထားကာ Seal တံဆိပ်ကိုမဖြုတ်ဘဲ ကုန်ပစ္စည်းများထုတ်ခြင်း (သို့မဟုတ်) အတွင်းသို့ထည့်သွင်းခြင်းမပြုလုပ်နိုင်အောင် ဆောင်ရွက်ရမည်။

၅.၄ AFAFIST အောက်ရှိ AFAFIST ၏ အခြေပြစာချုပ်ငယ် (၁) တွင် သတ်မှတ်ထားသည့် အတည်ပြုထားသော လမ်းကြောင်းများတွင် မော်တော်ယာဉ်သည် ခရီးစဉ်များစွာအတွက် ပါမစ်တစ်ခုတည်းဖြင့် သွားလာနိုင်သည်။

## ၆။ **အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်လျှောက်ထားခြင်း**

၆.၁ လျှောက်ထားသူများသည် မှတ်ပုံတင်ထားသော လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူဖြစ်ရမည်ဖြစ်ပြီး ပါမစ်အတွက်မော်တော်ယာဉ်မှတ်ပုံတင်ရန် လူကိုယ်တိုင် လျှောက်ထားရမည်ဖြစ်သည်။ Online စနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်ပါက Online ဖြင့် လျှောက်ထားနိုင်သည်။ ကုမ္ပဏီတစ်ခု၏ကိုယ်စားလှယ်ဖြစ်ပါက အဆိုပါကိုယ်စားလှယ် ၏အသေးစိတ်အချက်များကို တင်ပြရမည်ဖြစ်သည်။

၆.၂ လျှောက်ထားသူများသည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (CA) မှ တောင်းခံသည့် အောက်ပါ စာရွက်စာတမ်းများကိုတင်ပြရမည်။ သို့သော် CA ၏လိုအပ်ချက်အရ အခြားစာရွက် စာတမ်းများ တင်ပြရမည်ဆိုပါကလည်း လိုအပ်သည်များကို ပြည့်စုံစွာတင်ပြရပါမည် -

(က) အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် အတွက် လျှောက်လွှာအပြည့်အစုံ၊

(ခ) အကြီးစားယာဉ်/ နောက်တွဲယာဉ်အတွက် ဖော်ပြချက်အပြည့်အစုံ၊

(ဂ) မော်တော်ယာဉ်သည် ဘေးကင်းလုံခြုံစွာအသုံးပြုရန် သင့်လျော်ကြောင်းသက်သေ ပြသည့် ယာဉ်စစ်ဆေးရေးသက်သေခံလက်မှတ် (VIC)။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၇။ **အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ဆိုင်ရာလုပ်ထုံးလုပ်နည်းများထုတ်ပြန်ခြင်း**

### ၇.၁ **ပါမစ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်**

၇.၁.၁ အချိန်အကန့်အသတ်မှာ သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ချက်အရဖြစ်သော်လည်းအာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူမှ ကျွမ်းကျင်အာဏာပိုင်ဆီသို့ လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် **လျှောက်လွှာတင်သည့်နေ့မှ ရက်ပေါင်း (၁၄) ရက်မှ (၃၀) ရက်အတွင်း** ဆောင်ရွက်ရန် အကြံပြုပါသည်။

၇.၁.၂ **ပါမစ်ကုန်ကျစရိတ်များ**

AFAFIST အရ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများသည် မိခင်နိုင်ငံမှဆုံးဖြတ်ထားသည့်အတိုင်း ပါမစ်လျှောက်လွှာနှင့် ယာဉ်စစ်ဆေးခကိုပေးချေရမည်။ အဆိုပါအခကြေးငွေများမှာ အမှန်တကယ်ကုန်ကျစရိတ်အတိုင်းပြန်လည်ရယူရန်အတွက်သာ အနိမ့်ဆုံးသတ်မှတ်ကောက်ခံရမည်။

၇.၁.၃ **ပါမစ်သက်တမ်း**

AFAFIST အကောင်ထည်ဖော်ခြင်းအောက်တွင် အာဆီယံကုန်စည်ယာဉ်နယ်စပ်ဖြတ်ကျော်ခွင့်ပါမစ် AGVCBT ကို (၁၂) လ သက်တမ်းဖြင့်ထုတ်ပေးပြီး လိုအပ်သလို သက်တမ်းတိုးနိုင်ပါရန် အကြံပြုပါသည်။

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

## ၈။ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်စတစ်ကာ

၈.၁ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်ကို ပါမစ်နှင့် မော်တော်ယာဉ်၏ လေကာမှန်ပေါ်တွင်ကပ်ထားရမည့် အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်နှင့် ယာဉ်တွင်ကပ်ရမည့်စတစ်ကာဟူ၍ နှစ်ပိုင်းကိုအောက်တွင် ဖော်ပြထားသည့်အတိုင်း ထုတ်ပေးမည်ဖြစ်ပါသည် -




ပါမစ်နံပါတ်တွင် ISO နိုင်ငံကုဒ် (၂) လုံး၊ သယ်ယူပို့ဆောင်သူ၏ လိုင်စင်နံပါတ် (၁၀) လုံးနှင့် နံပါတ်စဉ်၅၀၀အထိ အစဉ်လိုက် နံပါတ်တို့ပါဝင်ပါသည်။
ဥပမာ - SG-0987354689-345

ပါမစ်စတစ်ကာ၏အတိုင်းအတာ နှင့်အရွယ်အစား -
အလျား - ± ၁၁.၅ စင်တီမီတာ
အနံ - ± ၁၁.၈ စင်တီမီတာ

၈.၂ နယ်စပ်ဂိတ်ရှိသက်ဆိုင်ရာအာဏာပိုင်များမှ သိမ်းဆည်းထားသည့် ပါမစ်မှတ်တမ်းဖြင့် ပါမစ်အမှတ်အသားနှင့် စတစ်ကာတို့ကိုတိုက်ဆိုင်စစ်ဆေးနိုင်စေပါသည်။ ကုဒ်/ဘားကုဒ် သည်တိကျသော ပါမစ်နံပါတ်အသေးစိတ်ကိုဖော်ပြပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူ၏ လိုင်စင်နှင့်ယာဉ်မှတ်ပုံတင်နံပါတ်စသည့် အသေးစိတ်အချက်အလက် များနှင့် ချိတ်ဆက်နိုင်သည်။

## ၉။ မိခင်နိုင်ငံ၏နိုင်ငံခွဲခြားအမှတ်အသားစတစ်ကာနှင့် မှတ်ပုံတင်နံပါတ်ပြားများ

၉.၁ မော်တော်ယာဉ်တိုင်းသည် မိမိနိုင်ငံကထုတ်ပေးထားသော “**နိုင်ငံခွဲခြားအမှတ်အသား**” ကိုဖော်ပြရန်လိုအပ်ပါသည်။ ဖော်ပြချက်ပုံစံမှာ အမြင့် (၈) စင်တီမီတာနှင့် အနိမ့်ဆုံးအထူ (၁) စင်တီမီတာရှိ စကားလုံးအရေအတွက် (၁) မှ (၃) အထိ Latin ဘာသာစကားဖြစ်ရမည်ဖြစ်ပြီး အဖြူရောင်နောက်ခံပေါ်တွင် အနက်ရောင်စာလုံးဖြစ်ရမည်။ စတစ်ကာသည် ဘဲဥပုံသဏ္ဍာန်ရှိပြီး မော်တော်ယာဉ်မှတ်ပုံတင်ထားသည့်နိုင်ငံ၏ မှန်ကန်သောနိုင်ငံခွဲခြားအမှတ်အသားဖြစ်ရပါမည်။ ထိုစတစ်ကာကို ယာဉ်နောက်ဘက်တွင် ကပ်ထားရမည်ဖြစ်ပြီး အကွာအဝေး ၁၁၅ ပေ (၃၅ မီတာ) အကွာမှ ရှင်းရှင်းလင်းလင်း မြင်နိုင်ရမည်။

၉.၂ AMS နိုင်ငံများ၏ နိုင်ငံခွဲခြားအမှတ်အသားပြုခြင်းမှာ 1968 Vienna Convention on Road Traffic အရအောက်ပါအတိုင်းဖြစ်သည် -

| **Country** | **Distinguishing Mark** |
|---|---|
| Brunei | BRU |
| Cambodia | K |
| Indonesia | RI |
| Lao PDR | LAO |
| Malaysia | MAL |
| Myanmar | MYA |
| Philippines | RP |
| Singapore | SGP |
| Thailand | T |
| Viet Nam | VN |

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

## ၉.၃ ယာဉ်မှတ်ပုံတင်နံပါတ်ပြား

၉.၃.၁ ယာဉ်၏ရှေ့နှင့်နောက်တွင် Latin အက္ခရာစာလုံးနှင့် အာရဗီဂဏန်းများ ပါဝင်သည့်ယာဉ်မှတ်ပုံတင်နံပါတ်ပြားများ တပ်ဆင်ထားရန်လိုအပ်ပါသည်။ ထို့ပြင် လိုအပ်ပါက ယာဉ်မှတ်ပုံတင်နံပါတ်ပြားတွင် နိုင်ငံကိုယ်စားပြုအက္ခရာများ ပါဝင်သည့် နံပါတ်ပြားများကို တပ်ဆင်ခွင့်ပြုမည်ဖြစ်ပါသည်။

၉.၃.၂ ထို့အပြင် Prime Mover ယာဉ်နှင့် Semi-Trailer ယာဉ်ကဲ့သို့သော နောက်တွဲပါယာဉ်များအတွက် ၎င်းတို့၏ယာဉ်မှတ်ပုံတင်နံပါတ်ပြားများကို ထိုယာဉ်များ၏နောက်တွဲများနောက်တွင် တပ်ဆင်ဖော်ပြထားရမည်ဖြစ်သည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၁၀။ ယာဉ်ပေါ်တွင်ပါရှိရမည့် စာရွက်စာတမ်းများ

၁၀.၁ ယာဉ်၏နောက်ဘက်တွင် တပ်ဆင်ထားသော အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ် ပါမစ်စတစ်ကာနှင့် နိုင်ငံခွဲခြားအမှတ်သားများအပြင် အာဆီယံနိုင်ငံအားလုံးတွင်စစ်ဆေးရန်အတွက် အောက်ပါစာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာမဟုတ်ပါက သက်ဆိုင်ရာအာဏာပိုင်မှထုတ်ပေးထားသော တရားဝင် အင်္ဂလိပ်ဘာသာပြန်ဆိုချက်လက်မှတ်ကိုလည်းကောင်း ယာဉ်နှင့်အတူတစ်ပါတည်းသယ်ဆောင်ရန်လိုအပ်ပါသည်။ နယ်စပ်ဂိတ်များ၌သယ်ယူပို့ဆောင်ရေးအရာရှိကဖြစ်စေ၊ အကောက်ခွန်အရာရှိကဖြစ်စေ ပြသရန်တောင်းခံလာပါက ယာဉ်မောင်းများသည် အဆိုပါအထောက်အထားများကိုတင်ပြရမည် -

( က ) ယာဉ်မှတ်ပုံတင်လက်မှတ် (စက်ဘ်ပူနိုင်ငံအတွက်မူရင်း (သို့မဟုတ်) ပုံနှိပ်)၊

( ခ ) ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် VIC (မူရင်း)၊

( ဂ ) ယာဉ်အတွက် သက်တမ်းရှိသူတစ်ပါးထိခိုက်မှုအာမခံလက်မှတ် (3rd Party Liability Insurance Certificate) (မူရင်း)၊

( ဃ ) ကုန်စာရင်း (မူရင်း)၊

( င ) အကောက်ခွန်ကြေညာလွှာ (ကုန်သည်များ၏ပို့ကုန်/ သွင်းကုန် (သို့မဟုတ်) နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ရေး အခွန်ကင်းရှင်းကြောင်းမိတ္တူ)၊

( စ ) မိခင်နိုင်ငံမှထုတ်ပေးထားသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်/ သယ်ဆောင်သူ၏လိုင်စင်/ လုပ်ငန်းမှတ်ပုံတင်လက်မှတ် (အသိအမှတ်ပြုမိတ္တူ) ၎င်းလိုင်စင်များ၏နမူနာများကို **Appendix B** တွင်ဖော်ပြထားသည်၊

( ဆ ) အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်ပါမစ်နှင့် မော်တော်ယာဉ်ပါမစ်စတစ်ကာ (မူရင်း)၊

( ဇ ) သတ်မှတ်ယာဉ်အမျိုးအစားအား မောင်းနှင်ခွင့်ပြုသည့် သက်တမ်းရှိယာဉ်မောင်းလိုင်စင်။

## ၁၀.၂ သက်တမ်းရှိ သူတစ်ပါးထိခိုက်မှုအာမခံ (3rd Party Liability)

၁၀.၂.၁ AFAFIST ၏အခြေပြုစာချုပ်ငယ် (၅) :အာဆီယံ၏မော်တော်ယာဉ်များအတွက် မထားမနေရအာမခံအစီအစဉ် (ASEAN Scheme of Compulsory Motor Vehicle Insurance - ACMI) သည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများအတွက် ၎င်းတို့၏မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှုအာမခံ (3rd Party Liability Insurance) ကိုဝယ်ယူရန်အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများသည် အာဆီယံအိမ်ရှင်နိုင်ငံ (သို့မဟုတ်) နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်သည့် နိုင်ငံမှသတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ကိုက်ညီပါက ၎င်းတို့နှစ်သက်ရာအာမခံကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူနိုင်မည်ဖြစ်သည်။ လိုအပ်၍တောင်းခံလာပါက သက်တမ်းရှိအာမခံအထောက်အထားကိုတင်ပြရပါမည်။ မည်သည့် အာဆီယံအိမ်ရှင်နိုင်ငံတွင်ဖြစ်စေ (သို့မဟုတ်) နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ သူတစ်ပါးထိခိုက်မှုအာမခံ ထပ်မံမလိုအပ်ပါ (ဆိုလိုသည်မှာ 3rd Party Liability Insurance တစ်ခါသာဝယ်ယူရန် လိုအပ်ခြင်းဖြစ်ပါသည်)။

## ၁၀.၃ ပျောက်ဆုံးသွားသော (သို့မဟုတ်) ခိုးယူခံရသောစာရွက်စာတမ်းများ

၁၀.၃.၁ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများသည် ပျောက်ဆုံးသွားသော (သို့မဟုတ်) ခိုးယူခံရသောစာရွက်စာတမ်းများကို မိမိနိုင်ငံ၏အာဏာပိုင်အဖွဲ့ (CA) သို့တင်ပြရမည်။ ခိုးယူခံရခြင်းဖြစ်ပါက ရဲစခန်းသို့သတင်းပို့ရမည်။ စာရွက်စာတမ်းများပျောက်ဆုံးခြင်း/ ခိုးယူခံရခြင်းတို့အတွက် သက်သေအထောက်အထားခိုင်လုံပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (CA) သည် မှတ်ပုံတင်ထားသောမိခင်နိုင်ငံ၏ CA/ NTTCC မှတစ်ဆင့် စာရွက်စာတမ်းများ/ AGVCBP ကိုပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ AGVCBP ရုပ်သိမ်းခံရမှုနှင့် နံပါတ်အသစ်ဖြင့် AGVCBP အစားထိုးထုတ်ပေးခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်နေသော အိမ်ရှင်နိုင်ငံနှင့် အခြားသောအဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားရမည်။

၁၀.၃.၂ မိခင်နိုင်ငံ၏ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ် (AGVCBP) မှတ်တမ်းများကို အိမ်ရှင်နိုင်ငံမှ ACTS ၏ သယ်ယူပို့ဆောင်ရေး စောင့်ကြည့်စစ်ဆေးရေးစနစ် (TMS) တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန်စီစဉ်ထားရမည်။ မည်သည့် AGVCBP ၏ အချက်အလက်ကိုမဆို TMS တွင်မရရှိနိုင်ပါက အိမ်ရှင်နိုင်ငံ၏ CA/ NTTCC သို့ အဆင်ပြေဆုံးနည်းလမ်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။ မိုဘိုင်းလ်ဖုန်းဖြင့်စာတိုပေးပို့မေးမြန်းနိုင်ပါက အကောင်းဆုံးဖြစ်ပါသည်။

၁၀.၃.၃ အာဆီယံသည် AFAFIST အောက်ရှိ AGVCBP ကို လက်တွေ့လုပ်ဆောင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား အနိမ့်ဆုံးစံသတ်မှတ်ချက်များ လမ်းညွှန်ပေးမည့် အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့် မော်တော်ယာဉ်ပါမစ်အတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာလမ်းညွှန်ချက်များ (Operation Guidelines) ကိုရေးဆွဲပြီးဖြစ်ပါသည်။

## ၁၁. နယ်စပ်ဂိတ်များ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### ၁၁.၁ သယ်ယူပို့ဆောင်ရေးဆိုင်ရာစာရွက်စာတမ်းများစစ်ဆေးခြင်းနှင့်အတည်ပြုခြင်း

၁၁.၁.၁ AFAFIST အရယာဉ်စတင်ထွက်ခွာရာမိခင်နိုင်ငံနှင့် ခရီးလမ်းဆုံးရှိ ကုန်ချမည့်အိမ်ရှင်နိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့နှင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့တို့သည် နယ်စပ်ဂိတ်များတွင် သက်ဆိုင်ရာစာရွက်စာတမ်းများကို စစ်ဆေးခွင့်ရှိပါသည်။

၁၁.၁.၂ စင်္ကာပူနိုင်ငံ၏သယ်ယူပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များ

အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့်စာရွက်စာတမ်းများကို သယ်ဆောင်ခြင်းအပြင် စင်္ကာပူနိုင်ငံ၏ကုန်းလမ်းပို့ဆောင်ရေးအာဏာပိုင်အရ အလိုအလျောက်ခွင့်ပြုကတ်လိုအပ်ပါသည်။ စင်္ကာပူနိုင်ငံသို့ဝင်ရောက်မည့် နိုင်ငံခြားကုန်တင်ယာဉ်များအနေဖြင့် လိုအပ်သောအချက်အလက်များကို -

https://www.onemotoring.com.sg တွင်ကြည့်ရှုနိုင်ပါသည်။

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

## ၁၂။ မော်တော်ယာဉ်ဆိုင်ရာသတ်မှတ်ချက်များ

၁၂.၁ AFAFGIT အခြေပြစာချုပ်ငယ် (၃) ၏ အပိုဒ် (၁)၊ AFAFIST တွင်လည်း ထိုကဲ့သို့ပါဝင်သော အခြေပြစာချုပ်ငယ်အရ အာဆီယံနိုင်ငံအချင်းချင်းကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အတွက် ဤကဲ့သို့ဖော်ပြထားပါသည် -

"အပိုဒ် (၃)၊ နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားသည့် ယာဉ်အမျိုးအစားသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခု၏နယ်မြေတစ်လျှောက် ကုန်စည်များကိုသယ်ဆောင်ကာ ဖြတ်သန်းသွားလာနိုင်ပြီး စတင်ရာနေရာနှင့် သွားရောက်လိုသောနေရာသည် တစ်နိုင်ငံ (သို့မဟုတ်) တစ်နိုင်ငံထက်ပိုသောနိုင်ငံများ၏ နယ်နိမိတ်ကိုကျော်လွန်၍ ဖြတ်သန်းသွားလာရာတွင် အသုံးပြုသောယာဉ်အမျိုးအစားဖြစ်ပါသည်။ သို့သော်ထိုလမ်းကြောင်းတစ်နေရာရာ၌ ကုန်စည်များကိုရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကုန်စည်ခွဲသယ်ခြင်း (သို့မဟုတ်) ပို့ဆောင်ရေး နည်းလမ်းပြောင်းလဲခြင်းတို့ ပါဝင်ခြင်းမရှိပါ။"

**It is only "Convenience Translation". The original English Text remains the formal and legal version.**

၁၂.၂ AFAFIST ၏အခြေပြစာချုပ်ငယ် (၄) တွင်မော်တော်ယာဉ်၏သတ်မှတ်ချက်များကို အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားသည် -

| ယာဉ်အမျိုးအစားခွဲခြားခြင်း | ဝင်ရိုး (၃) ခုပါ ကုန်တင်ယာဉ် | ဝင်ရိုး (၄) ခုပါ ကုန်တင်ယာဉ် | ဝင်ရိုး (၄) ခုပါ နောက်တွဲပါယာဉ် | ဝင်ရိုး (၅) ခုပါ နောက်တွဲပါယာဉ် | ဝင်ရိုး (၆) ခုပါ နောက်တွဲပါယာဉ် |
|---|---|---|---|---|---|
| အလျား (မီတာ) | ၁၂.၂ | ၁၂.၂ | ၁၆.၀ | ၁၆.၀ | ၁၆.၀ |
| အကျယ် (မီတာ) | ၂.၅ | ၂.၅ | ၂.၅ | ၂.၅ | ၂.၅ |
| အမြင့် (မီတာ) | ၄.၂ | ၄.၂ | ၄.၂ | ၄.၂ | ၄.၂ |
| Rear Overhang (ROH) | 60% of wheel base | 60% of wheel base | 60% of wheel base | 60% of wheel base | 60% of wheel base |
| ယာဉ်နှင့်ကုန်၏အလေးချိန် (တန်) | ၂၁.၀ | ၂၅.၀ | ၃၂.၀ | ၃၆.၀ | ၃၈.၀ |
| မီးခိုးထုတ်လွှတ်မှုစံနှုန်းများ | Exhaust Smoke – 50%Opacity or Bosch unit or 50 Hartridge Smoke Units (HSU) | Exhaust Smoke – 50%Opacity or Bosch unit or 50 Hartridge Smoke Units (HSU) | Exhaust Smoke – 50%Opacity or Bosch unit or 50 Hartridge Smoke Units (HSU) | Exhaust Smoke – 50%Opacity or Bosch unit or 50 Hartridge Smoke Units (HSU) | Exhaust Smoke – 50%Opacity or Bosch unit or 50 Hartridge Smoke Units (HSU) |
| ဘရိတ်စွမ်းအား | 50% of axle weight | 50% of axle weight | 50% of axle weight | 50% of axle weight | 50% of axle weight |
| ဘေးချော်ထွက်မှု | Plus (+) or Minus (-) 5 millimeters per meter | Plus (+) or Minus (-) 5 millimeters per meter | Plus (+) or Minus (-) 5 millimeters per meter | Plus (+) or Minus (-) 5 millimeters per meter | Plus (+) or Minus (-) 5 millimeters per meter |

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၁၃။ **အလုံပိတ်ယာဉ် (သို့မဟုတ်) ကွန်တိန်နာများ**

၁၃.၁ AFAFIST အရ ကုန်တင်ယာဉ်များသည် Seal တံဆိပ်ခတ်ထားသောကုန်များကို သယ်ဆောင်နိုင်ပါသည်။ ဆိုလိုသည်မှာ ထရပ်ကား၏ကုန်တင်အခန်းကို အကောက်ခွန် (သို့မဟုတ်) အတည်ပြုထားသောပုဂ္ဂလိက Seal တံဆိပ်ခတ်ရမည် (သို့မဟုတ်) ကုန်တင်ယာဉ်သည် ISO တံဆိပ်ပါ ချိတ်ပိတ်ထားသောကုန်စည်များကို တင်ဆောင်နိုင်သည်။

၁၃.၂ အလုံပိတ်သယ်ယာဉ် (သို့မဟုတ်) ကွန်တိန်နာကို အောက်ပါအချက်အလက်များ အတိုင်းပြုလုပ်၍ သယ်ဆောင်ရမည် -

( က ) ကွန်တိန်နာပေါ်တွင်ရိုက်နှိပ်ထားသော Seal တံဆိပ်တွင် မြင်သာသောသဲလွန်စများချန်ထားခြင်းမရှိဘဲ (သို့မဟုတ်) အကောက်ခွန် (သို့မဟုတ်) ပုဂ္ဂလိကမှရိုက်နှိပ်ထားသော Seal တံဆိပ်များကိုချိုးဖောက်ခြင်းမပြုဘဲ Seal တံဆိပ်ခပ်နှိပ်ထားသော ကွန်တိန်နာအတွင်းသို့ မည်သည့်ကုန်ပစ္စည်းကိုမဆို ထည့်သွင်းနိုင်ခြင်း (သို့မဟုတ်) ထုတ်ယူနိုင်ခြင်းမရှိစေရ၊

( ခ ) ကုန်ပစ္စည်းများပေါ်တွင် အကောက်ခွန် (သို့မဟုတ်) ပုဂ္ဂလိကပိုင် Seal တံဆိပ်များကို ရှင်းရှင်းလင်းလင်းသေသေသပ်သပ် ကပ်ထားရမည်၊

( ဂ ) ကုန်ပစ္စည်းများ လျှို့ဝှက်ထားနိုင်သည့် နေရာလွတ်များ မပါဝင်စေရ၊

( ဃ ) ကုန်ပစ္စည်းများတင်ဆောင်ထားသည့် နေရာအားလုံးသည် အကောက်ခွန်စစ်ဆေးရန်အတွက် အလွယ်တကူဝင်ရောက်နိုင်ရမည်။

၁၃.၃ AFAFIST အရ AFAFIST ၏ အခြေပြစာချုပ်ငယ် (၃) နှင့် (၄) အားလိုက်နာသော ယာဉ်များကိုသာ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်အား ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၁၄။ **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ**

၁၄.၁ AFAFIST အရအောက်ပါစည်းမျဉ်းများကို ကျင့်သုံးရပါမည် -

( က ) နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးယာဉ်များသည် သယ်ယူပို့ဆောင်ရာလမ်းများတွင် အိမ်ရှင်နိုင်ငံမှချမှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်၊

( ခ ) လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (LTO)/ ယာဉ်မောင်း/ သယ်ယူပို့ဆောင်ရေးအေးဂျင့်မှ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်ခဲ့ပါကအိမ်ရှင်နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ မော်တော်ယာဉ်အား အိမ်ရှင်နိုင်ငံသို့ အဝင်/ အထွက် ပြုခြင်းကိုတားမြစ်နိုင်သည်၊

( ဂ ) ကုန်ချခြင်းကိုလက်ခံမည့် အိမ်ရှင်နိုင်ငံ၏အာဏာပိုင်အဖွဲ့သည် NTTCC (သို့မဟုတ်) ၎င်းနိုင်ငံ၏ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ LTO မှ ချိုးဖောက်ကျူးလွန်ထားသော ပြစ်မှုအသေးစိတ်အား ချက်ချင်းအကြောင်းကြားရမည်၊

( ဃ ) အဆိုပါ NTTCC (သို့မဟုတ်) ၎င်း၏ပို့ဆောင်ရေးဝန်ကြီးဌာနသည် LTO မှ ကျူးလွန်သောပြစ်မှုများ၏ အသေးစိတ်အချက်အလက်များကို ကုန်စတင်ပို့ရာနိုင်ငံ၏ သက်ဆိုင်ရာ NTTCC (သို့မဟုတ်) ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့ပြီးနောက် ၎င်းတို့၏ CA မှ အာဆီယံနယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ခွင့်မော်တော်ယာဉ်ပါမစ်အား ရုပ်သိမ်းခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း စသည်တို့ကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၄.၂ သက်ဆိုင်ရာအာဆီယံနိုင်ငံ တစ်နိုင်ငံချင်းစီအတွက်လိုအပ်ချက်များကို ACTS ယာဉ်မောင်းလက်ကမ်းစာစောင် (ACTS Drivers Brochure) ၌ ရည်ညွှန်းဖော်ပြထားပြီး https://acts.asean.org တွင်ကြည့်ရှုနိုင်ပါသည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

## ၁၅။ နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ

၁၅.၁ နိုင်ငံအချင်းချင်းကုန်ပစ္စည်း သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းများပိတ်ဆို့နေခြင်း၊ ရေကြီးခြင်း၊ တံတားများပျက်ဆီးနေခြင်း စသည့်ထူးခြားသော အခြေအနေများမှလွဲ၍ သတ်မှတ်ထားသော အာဆီယံနိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများမှ လွဲ၍ ပြင်ပလမ်းကြောင်းများတွင်မောင်းနှင်ခွင့်မပြုပါ။ သယ်ယူပို့ဆောင်သူများသည် ထိုကဲ့သို့အခြေအနေများရှိခဲ့ပါက လမ်းကြောင်းပြောင်းခြင်းအတွက် အကောက်ခွန် နှင့် သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအာဏာပိုင်များ (သို့မဟုတ်) ရဲတပ်ဖွဲ့ကို တရားဝင်ခွင့်ပြုချက် တောင်းခံရမည်ဖြစ်သည်။

### ၁၅.၂ **အာဆီယံနိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရာလမ်းကြောင်းများ**

၁၅.၂.၁ AFAFIST ၏ အခြေပြစာချုပ်ငယ် (၁) တွင်သတ်မှတ်ထားပြီးဖြစ်ပါသည်။

၁၅.၂.၂ နယ်စပ်များ၌ အသုံးပြုနိုင်ရန်မှတ်ချက်ပြုထားသော နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်မှု စစ်ဆေးရေးဂိတ်များကို AFAFIST ၏ အခြေပြစာချုပ်ငယ် (၂) (နယ်စပ်ဝင်ထွက်ပေါက်များသတ်မှတ်ခြင်း) တွင်သတ်မှတ်ပြီးဖြစ်ပါသည်။

**It is only "Convenience Translation". The original English Text remains the formal and legal version.**

၁၆။ **အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

| ပြဋ္ဌာန်းချက် | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| နိုင်ငံအချင်းချင်း နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး ယာဉ်များ | AFAFIST ၏ အပိုဒ် (၃)၊ နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားသည့်ယာဉ် အမျိုးအစားသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခု၏ နယ်မြေတစ်လျှောက် ကုန်စည်များကိုသယ်ဆောင်ကာ ဖြတ်သန်းသွားလာနိုင်ပြီး စတင်ရာ နေရာနှင့် သွားရောက်လိုသောနေရာသည် တစ်နိုင်ငံ (သို့မဟုတ်) တစ် နိုင်ငံထက်ပိုသောနိုင်ငံများ၏ နယ်နိမိတ်ကိုကျော်လွန်၍ ဖြတ်သန်းသွား လာရာတွင် အသုံးပြုသောယာဉ်အမျိုးအစားဖြစ်ပါသည်။ သို့သော်ထို လမ်းကြောင်းတစ်နေရာရာ၌ ကုန်စည်များရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကုန်စည်ခွဲသယ်ခြင်း (သို့မဟုတ်) ပို့ဆောင်ရေးနည်းလမ်း ပြောင်းလဲခြင်းတို့ ပါဝင်ခြင်းမရှိပါ။ |
| နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်ရေး ကုန်ပစ္စည်းများ | အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ထွက်ခွာရာနေရာမှ အခြားအဖွဲ့ဝင် နိုင်ငံတစ်ခုသို့ ကုန်းလမ်းဖြင့် ပို့ဆောင်သောကုန်ပစ္စည်းများ။ |
| မိခင်နိုင်ငံ | သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူကို တရားဝင်အဖြစ်သတ်မှတ် ထားပြီး နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ကို မှတ်ပုံ တင်ထားသည့်နိုင်ငံ။ |
| အိမ်ရှင်နိုင်ငံ | နိုင်ငံခြားကုန်စည်ယာဉ်များကိုလက်ခံသည့်နိုင်ငံ (သို့မဟုတ်) ကုန်ပစ္စည်း များဖြန့်ဖြူးရန်အတွက်ပေးပို့ရသည့်နိုင်ငံ (သို့မဟုတ်) ၎င်းတို့၏နယ်နိ မိတ်ပြင်ပသို့ ပို့ပေးရသည့်နိုင်ငံ။ |

<u>နောက်ဆက်တွဲ (က)</u>

## သက်ဆိုင်ရာအာဆီယံနိုင်ငံအလိုက် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့များ၏ ဆက်သွယ်ရန် အချက်အလက်များ

**Competent National Body Cambodia**

Ministry of Public Works and Transport,

National Inter-state Transport Coordinating Committee

Address: St.598, Sangkat Chrang Chamres,

Khan Russey Keo, Phnom Penh

Contact Person of the Issuance Authority:

1. Mr. DY LADA

Deputy Director of Urban Public Transport Department

Email Address: nttcc_kh@yahoo.com

Tel: +855 11 567 696

2. Mr. KAK YUTTHAVONN

Official of Land Transport Department

Email Address: kak.vonn@gmail.com

Tel: +855 12 264 302

**Competent National Body Lao PDR**

Department of Transport

Ministry of Public Work and Transport,

Lanexang Avenue,

Vientiane Capital, Laos

Tel: +85621412273

Email: phanthaphap_ph@gmail.com

**Competent National Body Malaysia**

Land Public Transport Agency (APAD)

Aras G, M and 20 Menara Tun Ismail Mohamed Ali

No.25 Jalan Raja Laut

50350 Kuala Lumpur

Tel: +603-26036700

E-mail: shahrin@apad.gov.my, nurfaeza@apad.gov.my

Commercial Vehicle Licensing Board

Level 4, Block D, KWSP Building

49, Karamunsing Road

88000 Kota Kinabalu, Sabah

Tel: +6088-238244/245

E-mail: pengarah@lpkpsabah.gov.my

Commercial Vehicle Licensing Board

Level 12, Bangunan Sultan Iskandar

Jalan Simpang 3

93300 Kuching, Sarawak

Tel: +60882-412073 / +6082-413303

E-mail: aduan@lpkpsarawak.gov.my

**Competent National Body Myanmar**

National Transport Facilitation Committee (NTFC)

Mr. Aung Ye Tun

Assistant Secretary

Ministry of Transport and Communications

Building No. 5, Nay Pyi Taw

Phone: 95673411520

E-mail: aungyetun010@gmail.com

**Competent National Body Singapore**

Land Transport Authority (Singapore)

International Relations, Policy & Planning Group

National Inter-state Transport Coordinating Committee (NTTCC) Secretariat

No. 1 Hampshire Road

Singapore 219428

Tel: (+65) 6225 5582

Please contact us via the online feedback form

https://www.lta.gov.sg/feedback/

**Competent National Body Thailand**

Department of Land Transport,

International Transport Affairs Sub-Division

1032 Phaholyothin Road,

Chom Phon, Chatuchak,

Bangkok 10900

e-mail: international.dlt@gmail.com

Tel: +66 2271 8409

**It is only “Convenience Translation”. The original English Text remains the formal and legal version.**

**Competent National Body Vietnam**

Directorate of Roads of Viet Nam (DRVM)

Contact address: D20 Ton That Thuyet Street - Cau Giay New Urban Area - Dich Vong Hau Ward - Cau

Giay District - Ha Noi City

Phone: 84 2438 571 444 / Fax: 84 2438 571 440

**It is only "Convenience Translation". The original English Text remains the formal and legal version.**

**<u>နောက်ဆက်တွဲ (ခ)</u>**

## သယ်ယူပို့ဆောင်ရေးလုပ်ဆောင်သူများ၏ လိုင်စင်နမူနာ

(DRAFT)

Ref. No.

Department of Land Transport
1032 Paholyothin Road
Chatuchak District Bangkok
10900 Thailand

**INTERNATIONAL TRANSPORT OPERATING LICENSE**
**FOR NON-FIXED ROUTE FREIGHT TRANSPORT**

Permit No.

The registrar hereby given the right to [Name of the license holder] located at [address] to operate international transport for non-fixed route for the period of [Duration] year(s) starting from [Day] [Month] [Year] to [Day] [Month] [Year]. The holder of this license shall comply with the land transport rules and regulations, which is not contradicted to treaties or international agreement related to transport and treaty or international agreement between Thailand and the host country, as well as, the conditions set out by the registrar under Section 32 of the Land Transport Act B.E. 2522 (1979).

Given on Day ......... Month ...................... Year ....................

DRAFT

(..................................................)

Registrar

Date

(NOT VALID WITHOUT DEPARTMENT SEAL)

**It is only "Convenience Translation". The original English Text remains the formal and legal version.**